## မြန်မာ့အရေး နိုင်ငံတကာ ညီလာခံခေါ်ရန် အီးအဲန်စီက ကုလကို တိုက်တွန်း

မဇ္ဈိမသတင်းဌာန
စက်တင်ဘာလ ၁၀ ရက်၊ ၂၀၀၇ ခုနှစ်။

မြန်မာ့အရေး နိုင်ငံတကာညီလာခံတရပ်ခေါ်ယူကျင်းပနိုင်ရန်အတွက် ENC ခေါ် တိုင်းရင်းသားလူမျိုးများကောင်စီက ကုလသမဂ္ဂအဖွဲ့ကြီးကို ယနေ့တွင် ကျေညာချက်ထုတ်ပြန်ကာ တိုက်တွန်းပြောဆိုလိုက်သည်။

ထိုင်းနိုင်ငံအခြေစိုက် ENC ၏ ကြေညာချက်တွင် ကုလသမဂ္ဂနှင့်အတူ ဥရောပသမဂ္ဂ၊ ရုရှား၊ အမေရိကား၊ တရုတ်၊ အိန္ဒိယ အပါအဝင် အိမ်နီးနားချင်းများနှင့် ဒေသတွင်းနိုင်ငံများဖြစ်သည့် ဂျပန်၊ အာဆီယံနိုင်ငံများကိုပါ မြန်မာ့အရေး ဆိုင်ရာ နိုင်ငံတကာညီလာခံကျင်းပရန် ယနေ့တွင် တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ENC ၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာလျန်မှုန်းဆာခေါင်းက "မကြာသေးခင်က ဖြစ်ပေါ်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်ဟာ နိုင်ငံတကာညီလာခံတရပ်ခေါ်ဖို့ အင်မတန်မှလိုအပ်နေတယ်ဆိုတာ ပြသနေပါတယ်" ဟု ပြောဆိုခဲ့ပြီး၊ ယခုလို တောင်းဆိုချက်မျိုးကို အမေရိကန်နိုင်ငံလက်ထောက်နိုင်ငံခြားရေး ဝန်ကြီးနှင့် နယူးယောက်ရှိ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအကြံပေးပုဂ္ဂိုလ် မစ္စတာဂန်ဘာရီထံကိုလည်း ပြီးခဲ့သည့် ဇွန်လကတည်းက ပေးပို့ခဲ့ သေးသည်ဟု ဆိုသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေးကို တရုတ်နှင့်ရုရှမှ ဗီတိုအာဏာသုံးကာ ငြင်းပယ်ခဲ့သော်လည်း ထပ်မံဆွေးနွေးသင့်ကြောင်းနှင့် တချိန်ထဲတွင် မြန်မာ့အရေးသည် ကုလသမဂ္ဂအစည်းအဝေးအစီအစဉ်ထဲတွင် ဆက်ရှိ နေသေးကြောင်း ဒေါက်တာဆလိုင်းလျန်မှုန်းက ပြောဆိုခဲ့ကာ၊ ဆုံးဖြတ်ချက်ထွက်ပေါ်မလာပါက လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တို့၏ ထောက်ခံချက်ဖြင့် နိုင်ငံတကာညီလာခံတရပ်ခေါ်ဆိုသင့်ကြောင်း ပြောဆိုသည်။

မကြာသေးခင်က မြန်မာပြည်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များအပေါ် အခြေခံကာ နိုင်ငံတကာညီလာခံခေါ်စေလိုသည့် တောင်းဆိုချက်ကို ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် လုံခြုံရေးကောင်စီသို့ မြန်မာ့အရေးကို အမေရိကားနှင့် ဥရောပ သမဂ္ဂတို့မှ တင်သွင်းမည့် အစီအစဉ်ရှိပါက အခက်အခဲဖြစ်နိုင်သဖြင့် တရုတ်နှင့်ရုရှားကို ဦးစွာစည်းရုံးသင့်သည်ဟု သူက ပြောသည်။

ENC ဥက္ကဌ စောဘသင်က "မကြာသေးခင်က ဒါဖာနဲ့ပတ်သက်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက် ကို ကျနော်တို့ ကြိုဆိုပါတယ်။ ဒါဖာလောက် မဆိုးရွားသေးဘူးဆိုရင်တောင် မြန်မာ့အခြေအနေဟာ ဒါဖာမှာလိုပဲ ဖြစ်နေပါတယ်" ဟု ကျေညာချက်တွင် ထည့်သွင်းပြောဆိုထားသည်။

မကြာသေးခင်က မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတခုအတွင်းမှာပင် ကျေးရွာပေါင်း ၃၀၀၀ ကျော် ဖျက်ဆီးခံခဲ့ရကြောင်း နှင့် လူပေါင်း သန်းချီကာ အိုးအိမ်မဲ့များ ဖြစ်ပွားနေပြီး ထောင်ပေါင်းရာချီကာ အိမ်နီးနားချင်းနိုင်ငံများသို့ ထွက်ပြေး ခိုလှုံနေရကြောင်း ၏ ကျေညာချက်တွင် ဖော်ပြထားသည်။ သည့်အပြင် နိုင်ငံရေးအကျဉ်းသားပေါင်း ၁၂၀၀ ကျော် ဖမ်းဆီးချုပ်နှောင်ခံထားရသည်ဟု ဆိုသည်။

ENC ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် (UNLD-LA) မှ ၁၁ ပါတီနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားဒီမိုကရေစီတပ်ဦး (NDF) မှ အဖွဲ့ ၈ ဖွဲ့ဖြင့် သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဆိုင်ရာ ပြင်ဆင်မှုများပြုလုပ်ရန် တိုင်းရင်းသားလူမျိုး များအကြား စည်းလုံးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော ENSCC ဟု ခေါ်ဆိုသော တိုင်းရင်းသားလူမျိုးများ သွေးစည်းခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ အတွင်းက ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

http://www.mizzimaburmese.com/detail.php?news_id=571&cat=7011

## Burmese ethnic group urge UN Chief to call Int'l Conference

Mizzima News (www.mizzima.com)

September 10, 2007 - The Ethnic Nationalities Council, an umbrella group of ethnic people in Burma, today urged the UN Secretary General to initiate an international conference on Burma to resolve the current political crisis in the impoverished Southeast Asian nation.

While welcoming the international community's public condemnation of Burma's ruling junta for the recent violent crackdown on peaceful protesters, the ENC in a press statement today called for concrete action and urged the UN Security Council to consider a fresh discussion on Burma.

The ENC, an alliance of ethnic political and armed organizations said, "Word alone, however, is not enough. Action is needed," and urged the world body chief, to initiate an international conference with the backing of the UNSC.

"We welcome the recent UN Security Council resolution on Darfur, but the situation in Burma is the same as in Darfur, if not worse," ENC Chairman Saw Ba Thin said in the statement.

The group said, more than 3,000 villages in Eastern Burma have been destroyed recently, and millions of Burmese have become internally displaced persons. Hundreds of thousands of refugees have been fleeing to neighbouring countries, and more than 1,200 political prisoners are languishing in prisons across the country.

The group also called on Burma's neighbouring countries, particularly China, India, Japan and the 10-member Association of Southeast Asian Nations (ASEAN) to take the leading role in finding a political solution through a 'negotiated-settlement' in Burma.

"The recent protests and the turmoil in Burma only prove that an all inclusive international conference is needed for Burma to find a political solution," said Dr. Lian H. Sakhong, general secretary of the ENC.

The Burmese junta has arrested at least 150 protesters including prominent student leader Min Ko Naing and 14 other leaders of the 88 generation students group during the recent spate of protests that began on August 19 over the sharp rise in fuel prices.

Sakhong added that the Burma agenda at the UNSC, despite earlier blockings by veto wielding Russia and China, should be discussed once again. And with the backing the Security Council, the world body chief Mr. Ban Ki-moon should initiate an international conference on Burma, if the international community is genuinely interested in solving Burma's political crisis.

He also appeal that the US, EU and other pro-democracy groups needs to effectively persuade China and Russia before reintroducing the Burma agenda at the UNSC.

http://www.mizzima.com/MizzimaNews/News/2007/Sep/38-Sep-2007.html